

အစိုးရအဖွဲ့အတွင်းဝန်ရုံးမှ အချက်အလက်များကို အခြေခံ၍ ဖန်တီးထားခြင်း ဖြစ်သည်။

## ၂၀၂၅ ခုနှစ်(လည်း၀ ၇နှစ်)

# ပုံသေ-အခွန်လျှော့ချရေး နောက်ဆက်တွဲအကျိုးခံစားခွင့် (မလုံလောက်သောငွေပေးချေမှု)နှင့်ပတ်သက်၍

“ပုံသေ-အခွန်လျှော့ချရေး နောက်ဆက်တွဲအကျိုးခံစားခွင့် (မလုံလောက်သောပေးချေမှု)” ကို၂၀၂၅ခုနှစ် ၁ လပိုင်း ၁ ရက်နေ့တွင် နေထိုင်မှုမှတ်တမ်းစာရင်းပေးထားသောမြို့၊မြို့နယ်၊ရွာမှပေးဆောင်မည်ဖြစ်ပါသည်။ အရည်အချင်းပြည့်မီသူနှင့်လျှောက်ထားနည်းများကိုသိရှိလိုပါက အောက်တွင်ကြည့်ရှုပါ။

## မည်သူက အကျိုးခံစားခွင့်ရှိပါသလဲ?

ပုံသေ-အခွန်လျှော့ချရေးမတိုင်မီ ၂၀၂၄ခုနှစ်၏ဝင်ငွေခွန်ပမာဏနှင့်၂၀၂၄ခုနှစ်၏ ဝင်ငွေပေါ်မူတည်၍ပေးချေရသောနေထိုင်ခွန်သည် 0 ယန်း (=အခွန်မဆောင်ရသူ)

- မဟုတ်ပါ → **မလုံလောက်သောငွေပေးချေမှုအမျိုးအစား ၁ အကျိုးခံစားခွင့်ရနိုင်ခြေရှိ။**
- ဟုတ်သည် ↓

၂၀၂၄နှစ်တွင် ကော်လာပြာဝန်ထမ်း သို့မဟုတ် ကော်လာဖြူဝန်ထမ်းဖြစ်ခဲ့သည်။ သို့မဟုတ် ၂၀၂၃နှင့် ၂၀၂၄ ခုနှစ်ပေါင်း ဝင်ငွေသည် ယန်း၄သိန်း၈သောင်းကျော်လွန်သည်။

- မဟုတ်ပါ → **အကျိုးခံစားခွင့်မရှိ**
- ဟုတ်သည် ↓


ဝင်ငွေနည်းသောအိမ်ထောင်စုကိုပေးသောငွေရယူသောအိမ်ထောင်စုမဟုတ်ပါ သို့မဟုတ် သင်သည်လက်ခံရယူနိုင်သူမဟုတ်ပါ။(=ရယူခဲ့ခြင်းမရှိ)

- မဟုတ်ပါ → **အကျိုးခံစားခွင့်မရှိ**
- ဟုတ်သည် → **မလုံလောက်သောငွေပေးချေမှုအမျိုးအစား ၂ အကျိုးခံစားခွင့်ရနိုင်ခြေရှိ။**

## မလုံလောက်သောငွေပေးချေမှုအမျိုးအစား ၁

၂၀၂၄ခုနှစ် 「ပုံသေ-အခွန်လျှော့ချငွေ (ညှိနှိုင်းပေးငွေ)」 ငွေပမာဏသည် ၂၀၂၃ခုနှစ်၏သင်ဆောင်သောအခွန်ပေါ်မူတည်၍တွက်ချက်ကာပေးခြင်းဖြစ်သည်။၂၀၂၄ခုနှစ်ပိုင်း ဝင်ငွေခွန်ပမာဏကအတည်ဖြစ်ပြီးနောက် ၂၀၂၃ခုနှစ်နှင့်နှိုင်းယှဥ်ကာဝင်ငွေအပြောင်းအလဲရှိခြင်းစသော အကြောင်းအရာများကြောင့် နဂိုညှိနှိုင်းငွေတွင်မလုံလောက်မှုရှိသည်ဟု သိရှိသောအခါ ပုံသေအခွန်လျှော့ချငွေ(မလုံလောက်သောငွေ)အဖြစ်ထပ်မံဖြည့်စွက်၍ပေးမည်ဖြစ်ပါသည်။

<ပုံနမူနာ>




### အကျိုးခံစားခွင့်ရှိသူနမူနာ



- ၂၀၂၄ခုနှစ်ဝင်ငွေသည် ၂၀၂၃ခုနှစ်ထက်လျှော့နည်းသူများ
- ကလေးမွေးဖွားခြင်းစသောအကြောင်းရာများကြောင့် ကျွေးမွေးစောင့်ရှောက်ရမည့်မိသားစုဦးရေတိုးပွားလာသူများ
- နဂိုညှိနှိုင်းငွေသတ်မှတ်ပြီးနောက် အခွန်ပမာဏပြောင်းလဲခြင်းများရှိခဲ့သူများ
- ၂၀၂၃ခုနှစ်တွင် ဝင်ငွေမရှိခဲ့သော်လည်း၊၂၀၂၄ခုနှစ်တွင် အလုပ်ရရှိခဲ့သူများ (အလုပ်စဝင်သူများ၊၂၀၂၄ခုနှစ်တွင် ဂျပန်သို့ပထမဆုံးလာရောက်သော နိုင်ငံခြားအလုပ်သမားများစသဖြင့် )

ဖြစ်သည်။

## မလုံလောက်သောငွေပေးချေမှုအမျိုးအစား ၂

အောက်ဖော်ပြသော အချက်များနှင့် အလုံးစုံကိုက်ညီသောသူသည် တစ်ဦးလျှင် ယန်းငွေ ၄သောင်းအား ပုံသေ အခွန်လျှော့ချငွေ (မလုံလောက်သောငွေ) အဖြစ်ပေးချေမည်ဖြစ်သည်။

**ပေးချေမည့်အချက်များ။ ။**

**1. ၂၀၂၄ခုနှစ်ပိုင်း၏ ဝင်ငွေခွန်နှင့် ၂၀၂၄ခုနှစ် နေထိုင်ခွန်ဝင်ငွေစည်းကြပ်နှုန်းသည် ၀ ယန်းဖြစ်ရမည်။(=အခွန်ကင်းလွတ်ခွင့်ရှိသူ)**

**2. အခွန်စနစ်တွင် ကျွေးမွေးစောင့်ရှောက်ခံရသူမဖြစ်ရပါ။**

အောက်ပါအကြောင်းအရာနှင့် ကိုက်ညီသူသည် အကျိုးခံစားနိုင်သည်။

- ၂၀၂၄ခုနှစ်တွင် ကော်လာပြာဝန်ထမ်း၊ ကော်လာဖြူဝန်ထမ်း(*)ဖြစ်သူ
- ၂၀၂၃နှင့် ၂၀၂၄ ခုနှစ်ပေါင်းဝင်ငွေသည် ယန်း၄သိန်းစသောင်းကျော်လွန်သူ

*ဆွေမျိုးမိသားစုက တည်ထောင်သောလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်သူများဖြစ်ပါကလည်းအကျုံးဝင်၏။သို့သော်လည်း အိမ်ထောင်ဖက် (မှီခို) မပါဝင်ပါ။

**3. ဝင်ငွေနည်းသော အိမ်ထောင်စုကို ထောက်ပံ့သောငွေကို လက်ခံရယူနေခြင်းမရှိသော အိမ်ထောင်စုဖြစ်ရမည်။ (ထောက်ပံ့ငွေခံစားနိုင်သော အိမ်ထောင်စု၏ အိမ်ထောင်ဦးစီးသို့မဟုတ် ထိုမိသားစုဝင် သို့မဟုတ် ထောက်ပံ့ငွေအကျိုးခံစားနိုင်သူမဟုတ်ရ။)**

ဝင်ငွေနည်းအိမ်ထောင်စုသို့ထောက်ပံ့ငွေ --

- ၂၀၂၃ခုနှစ် နေထိုင်ခွန်ကင်းလွတ်မိသားစုသို့ထောက်ပံ့ငွေ (တစ်အိမ်ထောင်စု လျှင် ယန်း ၇ သောင်း)
- ၂၀၂၃ခုနှစ် ပျမ်းမျှနေထိုင်ခွန်သာဆောင်ရသော အိမ်ထောင်စုသို့ထောက်ပံ့ငွေ (တစ်အိမ်ထောင်စုလျှင် ယန်း ၁ သိန်း)
- ကလေးငယ်ရှိသောဝင်ငွေနည်းမိသားစုသို့ 「ကလေးစရိတ်」 (အကျိုးခံစားခွင့်ရှိသော ကလေးတစ်ဦးလျှင် ယန်း ၅သောင်း)
- ၂၀၂၄ခုနှစ် နေထိုင်ခွန်နှင့်ပတ်သက်ပြီး အခွန်လွတ်အဖြစ် စသတ်မှတ်ခံရသောအိမ်ထောင်စုသို့ထောက်ပံ့ငွေ (တစ်အိမ်ထောင်စုလျှင် ယန်း ၁ သိန်း)

**အကျိုးခံစားခွင့်ရှိသူနမူနာ**

- အိမ်ထောင်ဖက်၏ ကိုယ်ပိုင်စီးပွားရေးတွင် အချိန်ပိုင်းအလုပ်လုပ်နေသူများ
- ပင်စင်ဝင်ငွေရှိပြီး အိမ်ထောင်ဦးစီး၏ မှီခိုသူအဖြစ် မသတ်မှတ်ထားသူများ

ဖြစ်သည်။





## ဘယ်လို လုပ်ထုံးလုပ်နည်းတွေ လိုအပ်လဲ။

**မြို့၊မြို့နယ်၊ရပ်ကွက်အလိုက် လုပ်ဆောင်နည်းနှင့်သတ်မှတ်ထားသော နောက်ဆုံးရက်များကွဲပြားကွာခြားသည်။**



ယေဘူယျအားဖြင့် အကျိုးခံစားနိုင်သူသည် ၂၀၂၅ ခုနှစ် ၁ လပိုင်း ၁ ရက်နေ့မှ စ၍ အိမ်ထောင်စုစာရင်းမှတ်တမ်းတင်ထားသော မြို့၊မြို့နယ်၊ရပ်ကွက်မှ မလုံလောက်သောငွေပေးချေခြင်းနှင့် ပတ်သက်သော (အသိပေးစာ၊ အတည်ပြုစာ၊လျှောက်လွှာစသဖြင့်) ကိုပို့ဆောင်ပေးမည်ဖြစ်သည်။**ရောက်ရှိလာသောစာကို စစ်ဆေးအတည်ပြုပြီး နောက်လိုအပ်သော လုပ်ဆောင်ချက်များကို သတ်မှတ်ထားသော နေ့အတွင်းပြီးမြောက်အောင်လုပ်ဆောင်ပေးပါ။**

**အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် လျှောက်ထားမေးမြန်းရန်လိုအပ်ပါသည်။**

- မလုံလောက်သောငွေပေးမှုနှင့်ပတ်သက်သောစာရွက်စာတမ်းများရောက်ရှိပါသော်လည်း၊ပေးချေမည့်ငွေပမာဏကို ပြန်လည်တွက်ချက်သတ်မှတ်ရန်လိုအပ်သည်ဟုယူဆရသောသူများ။
- မလုံလောက်သောငွေပေးမှုနှင့်ပတ်သက်သောစာရွက်စာတမ်းများမရောက်ရှိသေးပါသော်လည်း ဤငွေပေးချေမှုကို အကျိုးခံစားခွင့်ရှိသူဟုယူဆရသော သူများ။

*လျှောက်ထားမေးမြန်းနည်းနှင့်ပတ်သက်၍ သင်နေထိုင်သောမြို့၊မြို့နယ်၊ကျေးရွာတွင်စုံစမ်းကြည့်ပါ။

## မည်သည့်နေရာများတွင်စုံစမ်းမေးမြန်းနိုင်ပါသနည်း?



**သင်နေထိုင်ရာမြို့၊မြို့နယ်၊ကျေးရွာများတွင် မေးမြန်းစုံစမ်းပါ။**ထို့အပြင် မြို့၊မြို့နယ်၊ကျေးရွာအများစုတွင် ၎င်းကိစ္စအတွက် ဖုန်းခေါ်စင်တာ ကိုပြုလုပ်ထားပါသောကြောင့် ကြိုတင်၍ မေးမြန်းစုံစမ်းရမည့်နေရာကို အတည်ပြုစစ်ဆေးပါ။ကိုယ်တိုင်မေးမြန်းစုံစမ်းရန်အခက်အခဲရှိပါက ဟော့ကိုင်းဒိုးနိုင်ငံခြားသားများဆွေးနွေးစင်တာသို့ဆက်သွယ်နိုင်ပါသည်။


011-200-9595

support@hiecc.or.jp